
# ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း အမျိုးသမီးများဆိုင်ရာ အချက်အလက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်းသည့် အချိန်မှစတင်ပြီး မြန်မာ့လူထုများသည် အကြမ်းမဖက်သည့်နည်းနှင့်သော်လည်းကောင်း လက်နက်ကိုင် တော်လှန်ရေးဖြင့်သော်လည်းကောင်း အာဏာရှင်စနစ်အား နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တော်လှန်နေကြသည်မှာ (၃)နှစ်ကျော်လာခဲ့ပြီဖြစ်သည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စုသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ တခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ အပါအဝင် နေ့စဉ်နှင့်အမျှ အသက်ဆုံးရှုံးနေရသည်။ ယခုဖော်ပြပါ အချက်အလက်များသည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့် မှတ်တမ်းတင်မှုများအပြင် မြေပြင်မှအချက်အလက် ကောက်ယူထားမှုများကို ပြန်လည်စုစည်းတင်ပြထားခြင်းဖြစ်သည်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိနေဆဲဖြစ်သောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

| | သေဆုံးသူ | ထိခိုက်ဒဏ်ရာရရှိသူ |
|---|---|---|
| လေကြောင်းတိုက်ခိုက်ခံရမှု | ၄၅ | ၁၇ |
| လက်နက်ကြီး ပစ်ခတ်မှု | ၆ | ၁၂ |
| သတ်ဖြတ်ခံရမှု | ၁၀ | ၁ |
| ဒရုန်းတိုက်ခိုက်မှု | ၁ | ၂ |
| ပစ်သတ်ခံရမှု | ၂ | ၂ |
| မြေမြှုပ်မိုင်း | - | ၁ |
| တိုက်ပွဲကြား ကျည်ထိမှန်မှု | - | ၃ |
| မီးရှို့သတ်ဖြတ်မှု | - | ၁ |
| ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | ၄ | ၅ |
| စုစုပေါင်း | ၇၁ | ၄၄ |

မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၄ ခုနှစ်၊အောက်တိုဘာလ(၁)ရက်နေ့မှ (၃၁)ရက်နေ့အတွင်း နိုင်ငံတစ်ဝှမ်းမှ အမျိုးသမီး (၇၁)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားပြည်သူများ နေထိုင်ရာ အိမ်နှင့်ရပ်ရွာများတွင် လက်နက်ကြီး ပစ်ခတ်မှုကြောင့် (၉)ဦး၊ အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့သတ်ဖြတ်မှုကြောင့် (၁၀)ဦး၊ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၄၅)ဦး၊ အကြောင်းမဲ့ သေနတ်ဖြင့်ပစ်သတ်ခံရမှုကြောင့် (၂)ဦး၊ ဒရုန်းတိုက်ခိုက်မှုကြောင့် (၁)ဦး၊ ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကြောင့်(၄)ဦး တို့ဖြစ်ကြသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၄၄)ဦး ဒဏ်ရာရရှိခဲ့ပြီး ၄င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၁၂)ဦး၊ လေကြောင်းမှဗုံးကြဲမှုကြောင့် (၁၇)ဦး၊ ဒရုန်းတိုက်ခိုက်မှုကြောင့်(၂)ဦး၊ ပစ်ခတ်ခံရမှုကြောင့် (၂)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၁)ဦး၊ တိုက်ပွဲအတွင်းပစ်ခတ်ခံရခြင်းကြောင့် (၃)ဦး၊ မီးရှို့ခံရမှုကြောင့် (၁)ဦး၊ အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့သတ်ဖြတ်ခံမှုကြောင့် (၁)ဦး၊ မြန်မာ့အမျိုးသမီးသမဂ္ဂမှ မြေပြင်အချက်အလက်ကောက်ယူမှုအရ အမျိုးသမီး (၅)ဦးတို့သည်လည်း ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းကို ခံခဲ့ရသည်။


- ရှမ်းပြည်နယ်
- မန္တလေးတိုင်းဒေသကြီး
- စစ်ကိုင်းတိုင်းဒေသကြီး
- ပဲခူးတိုင်းဒေသကြီး
- မကွေးတိုင်းဒေသကြီး
- ရခိုင်ပြည်နယ်
- မွန်ပြည်နယ်
- တနင်္သာရီတိုင်းဒေသကြီး
- ကချင်ပြည်နယ်
- ကရင်ပြည်နယ်
- ချင်းပြည်နယ်




ဒေသအလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ

မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် စစ်ကိုင်းတိုင်းမှ(၂၅)ဦးနှင့် ရခိုင်ပြည်နယ်မှ (၂၂)ဦး တို့အသီးသီး ဖြစ်ကြပြီး စစ်ကိုင်းတိုင်းသည် အောက်တိုဘာလ အတွင်း အမျိုးသမီး အသက်ဆုံးရှုံးမှု အများဆုံး တိုင်းဒေသကြီးဖြစ်သည်။

## ၂၀၂၄ ခုနှစ် အောက်တိုဘာလ အတွင်း အမျိုးသမီးဖမ်းဆီးခံရမှု အခြေအနေ




မိမိတို့၏ အချက်အလက်ကောက်ယူချက်အရ နိုင်ငံတစ်ဝှမ်းမှ အမျိုးသမီး (၁၂)ဦးတို့သည် အောက်တိုဘာလအတွင်း အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ မြေပြင်၌ အမျိုးသမီး ဖမ်းဆီးခံရခြင်း အရေအတွက်သည်ယခုထက်များနိုင်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)၏အချက်အလက်အရအကြမ်းဖက်စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့အတွင်း အမျိုးသမီး(၅,၇၂၉)ဦး ဖမ်းဆီးခံရကြောင်းဖော်ပြထားသည်။ [1]

[1] Assistance Association for Political Prisoners, 31st October 2024. https://airtable.com/appHDJLeiPsMGFJ7s/shr9w3z7dyIoqdUv4/tbl8hVtSci8VifbO9

မှတ်ချက်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

## မြန်မာ့အမျိုးသမီးသမဂ္ဂ


https://www.facebook.com/burmesewomensunion
https://burmesewomensunion.org